# ဓမ္မခန္ဓာ (၅၃) ကြယ်တာရာ (အလ် နဂ်မ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၂၃)၊ သုတ်ဒေသနာ (၆၂)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

## بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **وَالنَّجْمِ إِذَا هَوَى۞**<br>သူ့သဘောသူဆောင်သော ကြယ်တာရာအားဖြင့်–[၁၀၀၄] |
| ၂။<br>မုဟမ္မဒ် | **مَا ضَلَّ صَاحِبُكُمْ وَمَا غَوَى۞**<br>သင်တို့၏ **ပေါင်းဖေါ်**သည် အယူလွဲနေခြင်း မရှိ၊ တိမ်းပါးစေခြင်းလည်း မရှိချေ။ |
| ၃။<br>သူ့<br>ဆန္ဒ | **وَمَا يَنطِقُ عَنِ الْهَوَى۞**<br>သူ၏ ပြောစကားများမှာ **လိုဘ** မဟုတ်– |
| ၄။ | **إِنْ هُوَ إِلَّا وَحْيٌ يُوحَى۞**<br>ကေန် **၎င်းသည်** အာရုံဖြစ်တည်စေသော အာရုံစျာန်မျှသာ ဖြစ်၏။ |
| ၅။ | **عَلَّمَهُ شَدِيدُ الْقُوَى۞**<br>ပညာအလင်းကိုပေးသူမှာ အစွမ်းသတ္တိ ပြတ်သားထင်ရှားသော – |
| ၆။ | **ذُو مِرَّةٍ فَاسْتَوَى۞**<br>ရင့်ကျက်စေသော အရှင် ဖြစ်၏။[၁၀၀၅] သို့ဖြစ်၍ သူသည် ရင့်သန်ဆိုက်မြိုက်ခဲ့၏။[၁၀၀၆] |
| ၇။ | **وَهُوَ بِالْأُفُقِ الْأَعْلَى۞** |

---

**(၁၀၀၄)** ကျမ်းမြတ်ကုရ်အာန်၌ မှတ်တမ်းတင်ထားသော သုတ်ဒေသများကို ကိုယ်တော်မုဟမ္မဒ်၏ စျာန်အာရုံ၌ အချိန်သုံးပါးတွင် ဉာဏ်စဉ် ကိန်းဝပ်သိမြင်စေခဲ့သည်ဟု ဆိုပေသည်။ ထိုအချိန်သုံးပါးအနက် နံနက် မိုးမလင်းမီ ကြယ်တာရာများ မှေးမှိန်သော အချိန်သည်လည်း အချိန်တစ်ပါး ဖြစ်ပေသည်။ ဤသုတ်တော်ပါ هَوَىٰ إِذَا ကို ဆရာတော်ကြီးများက "မှေးမှိန်ဆင်းသွားသော" ဟု ဘာသာပြန်လျှက် နံနက် မိုးမလင်းမီ စျာန်အာရုံကိန်းဝပ်သိမြင်စေသော သုတ်ဒေသများကို တိုင်တည်လျှက်– ဟု ဆရာတော်ကြီးများက ဖွင့်ဆိုကြပေသည်။ هَوَىٰ إِذَا မှ هَوَىٰ သည် သဘောဆန္ဒ အလိုရမက် ဟု အဓိပ္ပါယ်ဖြစ်၍ သူ့သဘောနှင့် သူ ဟူသော အနက်ကို ပေးပေသည်။ وَالنَّجْمِ إِذَا هَوَىٰ သူ့လမ်းကြောင်းအတိုင်း သူသွားနေသော ကြယ်တာရာများနှင့် ကမ္ဘာလည်ပတ်လမ်းကြောင်းတို့ကြောင့် ကြယ်များ တဖြေးဖြေးဆင်းသွားသည်ဟု မြင်ရသော အချိန် နံနက်ပိုင်းကိုလည်း ပြောဆိုခြင်း ဖြစ်ပေသည်။ ထို့ပြင်၊ ထိုစဉ်က လ နတ်မင်း၊ နေနတ်မင်းကို ကိုးကွယ်သော ဘာသာရေး ဂိုဏ်းများ၊ ကြယ်နက္ခတ်တို့ကို ကြည့်ဟောပြော လုပ်စားနေသော ဗေဒင်ဆရာများသည် အစ္စလာမ် သာသနာ ပေါ်လာသောအခါ မှေးမှိန်သွားရကြောင်း ကျမ်းတော်၏ နေရာပေါင်းများစွာတွင် ပြောဆိုထားပေသည်။ ထို့ကြောင့် ထို နက္ခတ်ဟော ဗေဒင်ဆရာများ မှေးမှိန်သွားရခြင်းကို သက်သေတည်ထားခြင်းလည်း ဖြစ်ပေသည်။

**(၁၀၀၅)** ဤနေရာ၌ များစွာသော ဆရာတော်ကြီးများက ကိုယ်တော်မုဟမ္မဒ်အား အာရုံစျာန်ဖြင့် ဉာဏ်စဉ် ကိန်းဝပ်ပေးသူမှာ ကောင်းကင်တမန်တော် ဂျိဗရာအီလ် ဖြစ်သည်ဟု– ပါးစပ်ရာဇဝင် သမိုင်းများကို လိုက်၍ မှားယွင်းစွာ ဖေါ်ပြကြပေသည်။ ကရုဏာရှင် ဖြစ်သော ပရမတ်ဘုရားရှင်သည် ကိုယ်တိုင်ပင် ကိုယ်တော်မုဟမ္မဒ်အား သင်ကြားပေးသည်ဟု ၅၅း၁–၂ တွင် အတိအကျ ဆိုထားပေသည်။

**(၁၀၀၆)** **اسْتَوَىٰ အော့ဆ်တဝါ** ၏ အဓိပ္ပါယ်မှာ သူသည် ရုပ်၊ နာမ်၊ ဉာဏ် ရင့်သန် ပုံစံကျသည်ဟု ဖြစ်ပေသည်။ အထက် သုတ်တော်များအရ ကိုယ်တော်သည် ဉာဏ်စဉ်ဆိုက်မြိုက်ခြင်း ဖြစ်၍ ဤနေရာတွင် "ရင့်သန်ဆိုက်မြိုက်ခဲ့၏" ဟု ဘာသာပြန်ခြင်း ဖြစ်သည်။

| | |
|---|---|
| | ထို့ပြင် သူသည် မိုးကုတ်စက်ဝန်း အထွဋ်အထိပ်သို့ ဆိုက်လျှက်–[၁၀၀၇] |
| ၈။ | **ثُمَّ دَنَا فَتَدَلَّى**۞<br>ဖြေးဖြေးချင်း ကွေးညွတ်လျှက် နီးကပ်လာ၍–[၁၀၀၈] |
| ၉။ | **فَكَانَ قَابَ قَوْسَيْنِ أَوْ أَدْنَى**۞<br>လေးကိုင်းနှစ်ဘက်ထိပ် အကွာ သို့မဟုတ် ထို့ထက် တိမ်းညွတ်နီးကပ်လာခဲ့၏။[၁၀၀၉] |
| ၁၀။ | **فَأَوْحَى إِلَى عَبْدِهِ مَا أَوْحَى**۞<br>အရှင်သည် အရှင်၏ အမှုတော်ဆောင်ထံသို့ အာရုံစျာန်ဖြင့် အာရုံစျာန်ဖြစ်တည်စေ၏။[၁၀၁၀] |
| ၁၁။ | **مَا كَذَبَ الْفُؤَادُ مَا رَأَى**۞<br>စိတ်အာရုံသည် သူ မြင်သည်ကို ငြင်းဆန်ခြင်း မရှိချေ။[၁၀၁၁] |
| ၁၂။ | **أَفَتُمَارُونَهُ عَلَى مَا يَرَى**۞<br>သင်တို့သည် သူ မြင်သည်ကို အချင်းများလိုသလော။ |
| ၁၃။ | **وَلَقَدْ رَآهُ نَزْلَةً أُخْرَى**۞<br>မုချပင် သူသည် ၎င်းအား နောက်တဖန် ဆင်းသက်လာခြင်းကို မြင်ရ၏။[၁၀၁၂] |
| ၁၄။ | **عِنْدَ سِدْرَةِ الْمُنْتَهَى**۞<br>အန္တိမပန်းတိုင် ဇီးဖောဓိပင် အပါး၌၊[၁၀၁၃] |
| ၁၅။ | **عِنْدَهَا جَنَّةُ الْمَأْوَى**۞<br>ထိုအပါး၌ ခိုလှုံရာ ဥယျာဉ်ဘုံ ရှိ၏။ |

---

**(၁၀၀၇)** ကိုယ်တော်သည် လူသားတစ်ဦး၏ အမြင့်ဆုံးသော အဆင့်ဖြစ်သည့် သဗ္ဗညုတဉာဏ်စဉ် အဆင့်ကို ဆိုက်ရောက်ခဲ့သည်။

**(၁၀၀၈)** ကိုယ်တော်မုဟမ္မဒ်၏ စျာန်သမာပတ်အာရုံသည် တည်ငြိမ်လေးနက်လျှက် ဓမ္မဇစ်မြစ်ဖြစ်သော ကရုဏာရှင်နှင့် နီးစပ်လာခဲ့သည်။

**(၁၀၀၉) ကာ့ဘ်** ဆိုသည်မှာ ဒူးလေးတစ်ခု၏ အစွန်းထိပ်နှစ်ဖက်ကို ခေါ်ပေသည်။ ထို့ကြောင့် အချို့သော ဆရာတော်များက ကိုယ်တော် မုဟမ္မဒ်နှင့် ကိုယ်တော့အား အာရုံစျာန် ဉာဏ်စဉ်ကိန်းဝပ်ပေးသော အရှင်သည် လေး နှစ်တာခန့် သို့မဟုတ် ထိုထက်နီးကပ်စွာ ရှိနေခဲ့သည်ဟု ဖွင့်ဆိုကြပေသည်။ သို့သော် ဤသုတ်တော်၏ ဆိုလိုချက်မှာ ကိုယ်တော်သည် ဉာဏ်စဉ်အင်အားကို ခံနိုင်ရည်အတွက် နှစ်ဆ သို့မဟုတ် ထိုထက်ပို၍ ပို၍ နီးကပ်စွာ ခွန်အား ရင့်ကျက်မှု ဖြစ်တည်လာခဲ့သည်ဟု ဖြစ်ပေသည်။

**(၁၀၁၀)** အရှင်သည် ကိုယ်တော်အား ဉာဏ်အာရုံချင်း ဓါတ်တော်ကူးပေးခြင်း ဖြစ်သည်။

**(၁၀၁၁)** ကိုယ်တော်ကြုံတွေ့ ဆိုက်မြိုက်သော ဉာဏ်စဉ်ဆွတ်ခူးခြင်းမှာ ကိုယ်တွေ့ ဖြစ်၍– ယခင် သာမန်လူသားဘဝမှ အသိအာရုံများဖြင့် တိုင်းဆလျှင် မဖြစ်နိုင်ဟု ဖြစ်သော်လည်း– အမှန်တကယ်သိ ဖြစ်သောအခါ– ထိုအသိ ထိုမြင်ကွင်းအား သာမန်လူသားဘဝ အသိဖြင့် တိုင်းဆ ငြင်းဆန်၍ မရဟု ဆိုလိုပေသည်။

**(၁၀၁၂)** ကရုဏာရှင်သည် မိုးကောင်းကင်တွင် စံမြန်းနေ၍ ကိုယ်တော်မုဟမ္မဒ်အား ဉာဏ်အာရုံဓါတ်တော်ကူးပေးရန် မြေပြင်သို့ ဆင်းလာခြင်းဟု ဆိုလိုခြင်း မဟုတ်ချေ။ အရှင်၏ တန်ခိုးတော်သည် လူသားတစ်ဦး အာရုံထိတွေ့ရန် မဖြစ်နိုင်လောက်အောင် အား ကြီးမားလွန်းသောကြောင့် လူသားတစ်ဦး၏ အဆင့်အမြင့်ဆုံး ခံနိုင်ရည် ရှိသည့် အတိုင်းအဆ ဖြစ်ရန် အရှင်၏ တန်ခိုးတော်အား နိမ့်ပေးခြင်းကို ဆိုလိုပေသည်။

**(၁၀၁၃) ဆိ–ဒ်ရဟ်** ဆိုသည်မှာ ကန္တာရအတွင်း အလွန်အေးမြသည့် အရိပ်ကိုပေးသော ဇီးပင်တစ်မျိုး ဖြစ်ပေသည်။ ကိုယ်တော်၏ ဉာဏ်စဉ် ဆိုက်မြိုက်ရာ တရားစခန်းကို ညွှန်သောကြောင့် ဇီးဖောဓိပင် ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။ ထိုဇီးဖောဓိပင်၏ ပရဝုဏ်အား အရှင်၏ တန်ခိုးတော်ဖြင့် လွှမ်းခြုံသောအခါ– ကိုယ်တော်သည် စျာန်သမာပတ်ဝင်စားလျှက် စက္ခုတည်ငြိမ်– စည်းမပျက်ဘဲ– ကံကြမ္မာရှင်၏ အကြီးကျယ်ဆုံးသော နိမိတ်တော်ကို မုချ မြင်ရ၏။ဟု သုတ်တော် ၁၆ မှ ၁၈ ထိ ကိုယ်တော်၏ သဗ္ဗညုဉာဏ် ဆိုက်မြိုက်ပုံအဆင့်ဆင့်ကို ဆိုထားပေသည်။ ဝိပဿနာ၌ ရင်းနှီးသူများသည် ဤအဆင့်ကို လေ့လာမိသည်နှင့် ကိုယ်တော်မုဟမ္မဒ်သည် သဗ္ဗညုဉာဏ် အမှန်တကယ် ရခဲ့ခြင်းကို စောဒက မတက်ကြတော့ပေ။

| | |
|---|---|
| ၁၆။ | إِذْ يَغْشَى السِّدْرَةَ مَا يَغْشَى۞<br>ထိုဇီးဖေါဓိပင်အား လွှမ်းခြုံရာဖြင့် လွှမ်းခြုံသောအခါ။ |
| ၁၇။ | مَا زَاغَ الْبَصَرُ وَمَا طَغَى۞<br>စက္ခုရုံသည် တိမ်းပါး–စည်းဖျက်မှု မရှိ။ |
| ၁၈။ | لَقَدْ رَأَى مِنْ آيَاتِ رَبِّهِ الْكُبْرَى۞<br>သူသည် ကံကြမ္မာရှင်၏ ကြီးကျယ်ဆုံးသော နိမိတ်တော်ကို မုချ မြင်ရ၏။[၁၀၁၄] |
| ၁၉။ | أَفَرَأَيْتُمُ اللَّاتَ وَالْعُزَّى۞<br>သင်တို့သည် **လာ့တ်**နှင့် **အုဇ္ဇာရ်**၏ အကြောင်းကို မြင်ကြပြီလော။ |
| ၂၀။ | وَمَنَاةَ الثَّالِثَةَ الْأُخْرَى۞<br>သုံးပါးမြောက် အဖြစ် အခြားသော အရာမှာ **မနတ်** ဖြစ်သလော။[၁၀၁၅] |
| ၂၁။<br>☆<br>၄း၁၁၇ | أَلَكُمُ الذَّكَرُ وَلَهُ الْأُنثَى۞<br>သင်တို့ အတွက် သားများကို ဖြစ်စေ၍၊ အရှင့်အတွက် သမီးများကို ဖြစ်စေသလော။☆ |
| ၂၂။ | تِلْكَ إِذًا قِسْمَةٌ ضِيزَى۞<br>ဤသည် လုံးဝ တရားမမျှသော တိုင်တည်မှု ဖြစ်၏။ |
| ၂၃။ | إِنْ هِيَ إِلَّا أَسْمَاء سَمَّيْتُمُوهَا أَنتُمْ وَآبَاؤُكُم مَّا أَنزَلَ اللَّهُ بِهَا مِن سُلْطَانٍ إِن يَتَّبِعُونَ إِلَّا الظَّنَّ وَمَا تَهْوَى الْأَنفُسُ وَلَقَدْ جَاءهُم مِّن رَّبِّهِمُ الْهُدَى۞<br>ကေန်ပင် ၎င်းတို့၏ အမည်များမှာ သင်တို့နှင့် သင်တို့၏ မိရိုးဖလာမှ အမည်ပေးထားခြင်းသာ ဖြစ်၏။ ပရမတ်ဘုရားရှင်သည် ၎င်းတို့အား လုပ်ပိုင်ခွင့် ချမှတ်ပေးခြင်း မရှိချေ။ ကေန်ပင် သူတို့သည် စဉ်းစားချက်များနှင့် စရိုက်လိုဘနောက်သို့ လိုက်နေကြ၏။ ကံကြမ္မာရှင်၏ထံမှ လမ်းညွှန်ချက်သည်ကား မုချ ရောက်လာခဲ့ချေပြီ။ |
| ၂၄။ | أَمْ لِلْإِنسَانِ مَا تَمَنَّى۞<br>သို့တည်းမဟုတ် လူသားအတွက် အားကျမိသောအရာ ရှိသေးသလော။ |
| ၂၅။ | فَلِلَّهِ الْآخِرَةُ وَالْأُولَى۞<br>နောင်ဘဝနှင့် ရှေးဘဝများသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ |
| ၂၆။ | وَكَم مِّن مَّلَكٍ فِي السَّمَاوَاتِ لَا تُغْنِي شَفَاعَتُهُمْ شَيْئًا إِلَّا مِن بَعْدِ أَن يَأْذَنَ اللَّهُ لِمَن يَشَاء وَيَرْضَى۞<br>ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်မှု ကျေနပ်မှုဖြင့် အခွင့်ပေးထားပြီးသူ၏ နောက် ကောင်းကင်ယံမှ စွမ်းအင်စုများသည်ပင် |

---

**(၁၀၁၄)** ကျမ်းမြတ်ကုရ်အာန်ပါ သုတ်တော်တိုင်းသည် နိမိတ်လက္ခဏာတော်များ ဖြစ်ပေသည်။ သို့သော် ဤနေရာ၌ အကြီးကျယ်ဆုံးသော နိမိတ်တော် ဟု ဆိုထားသောကြောင့် ကိုယ်တော် မြင်တွေ့ဆိုက်မြိုက်သော နိမိတ်တော်မှာ လူသားတစ်ဦး၏ အကြီးကျယ်ဆုံး ဆိုက်မြိုက်ခွင့်ရသည့် သဗ္ဗညုတ ဉာဏ်စဉ်ကို ဆိုလိုခြင်း ဖြစ်ပေသည်။

**(၁၀၁၅) လာ့တ်၊ အုရ်ဇာ၊ မနတ်** ဆိုသည်များမှာ ရှေးအာရပ်တို့ကိုးကွယ်သော သုံးပါးတစ်ဆူ ဘုရားများကို ခေါ်ဆိုခြင်း ဖြစ်ပေသည်။ ဆိုလိုသည်မှာ အမှန်တကယ် သဗ္ဗညုဉာဏ်စဉ်ကိုရသော နောက်ဆုံးပွင့် ကိုယ်တော် ပွင့်ပေါ်လာသော အချိန်မှစ၍ သုံးပါးတစ်ဆူ ကိုးကွယ်ခြင်းဝါဒများသည် တိမ်ကော ပပျောက်သွားရမည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ ဆင်ခြင်သုံးသပ်မိလေ သုံးပါးတစ်ဆူ ဆိုသည်မှာ အဓိပ္ပါယ်မရှိလေ ဖြစ်ကြောင်းကို သက်သေတည်ခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | ၎င်းတို့ အတွက် အမျှဝေပေးရန် တစ်စုံတစ်ရာ ပြည့်စုံခြင်း မရှိချေ။ |
| ၂၇။ | إِنَّ الَّذِينَ لَا يُؤْمِنُونَ بِالْآخِرَةِ لَيُسَمُّونَ الْمَلَائِكَةَ تَسْمِيَةَ الْأُنثَىٰ ۞<br>နောင်ဘဝအား မယုံကြည်သော သူတို့က နိမိတ်ဆောင်တို့အား လိင်မ အမည်များဖြင့် အမည်ပေးကြ၏။ |
| ၂၈။ | وَمَا لَهُم بِهِ مِنْ عِلْمٍ إِن يَتَّبِعُونَ إِلَّا الظَّنَّ وَإِنَّ الظَّنَّ لَا يُغْنِي مِنَ الْحَقِّ شَيْئًا ۞<br>၎င်းအတွက် သူတို့၌ အသိပညာမရှိပေ၊ စဉ်းစားချက်ကို လိုက်နေကြ၏။ ကေန်ပင် စဉ်းစားချက်သည် အမှန်တရားထက် တစ်စုံတစ်ရာ ပြည့်စုံခြင်း မရှိချေ။ |
| ၂၉။ | فَأَعْرِضْ عَن مَّن تَوَلَّىٰ عَن ذِكْرِنَا وَلَمْ يُرِدْ إِلَّا الْحَيَاةَ الدُّنْيَا ۞<br>ငါ၏ သတိပေးတရားကို ဘောင်ကန့်လျှက် လောကီ ဘဝကိုသာ လှည့်နေသူအား အရေးတယူမရှိနှင့်။ |
| ၃၀။ | ذَٰلِكَ مَبْلَغُهُم مِّنَ الْعِلْمِ إِنَّ رَبَّكَ هُوَ أَعْلَمُ بِمَن ضَلَّ عَن سَبِيلِهِ وَهُوَ أَعْلَمُ بِمَنِ اهْتَدَىٰ ۞<br>ဤသည် သူတို့၏ ပညာ ဆိုက်ရောက်နိုင်အား ဖြစ်၏။ ကေန်ပင် ကံကြမ္မာရှင်သည် လမ်းစဉ်တော်မှ လွဲဖယ်သွားသူ အား အသိဆုံး ဖြစ်တော်မူ၏၊ အရှင်၏ လမ်းညွှန်၌ ရှိသူကိုလည်း အသိဆုံး ဖြစ်တော်မူ၏၊ |
| ၃၁။ | وَلِلَّهِ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ لِيَجْزِيَ الَّذِينَ أَسَاءُوا بِمَا عَمِلُوا وَيَجْزِيَ الَّذِينَ أَحْسَنُوا بِالْحُسْنَى ۞<br>မိုးများနှင့် မြေကမ္ဘာအတွင်း၌ ရှိသည်များသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင်သည် အကုသိုလ်ပြု သော သူတို့အား သူတို့ကျင့်ကြံမှုအတိုင်း အစားပေးတော်မူ၏။ သုမင်္ဂလာပြုသော သူတို့ကိုလည်း သုမင်္ဂလာကို အစား ပေးတော်မူ၏။ |
| ၃၂။ | الَّذِينَ يَجْتَنِبُونَ كَبَائِرَ الْإِثْمِ وَالْفَوَاحِشَ إِلَّا اللَّمَمَ إِنَّ رَبَّكَ وَاسِعُ الْمَغْفِرَةِ هُوَ أَعْلَمُ بِكُمْ إِذْ أَنشَأَكُم مِّنَ الْأَرْضِ وَإِذْ أَنتُمْ أَجِنَّةٌ فِي بُطُونِ أُمَّهَاتِكُمْ فَلَا تُزَكُّوا أَنفُسَكُمْ هُوَ أَعْلَمُ بِمَنِ اتَّقَىٰ ۞<br>ရှေ့ကျုံ့ခဲ့မိသည်မှပ ကြီးမားသော ပြစ်မှုနှင့် ကိုယ်ကျင့်ပျက်မှုများမှ ကင်းသန့်သော သူတို့အဘို့- ကေန်ပင် ကံကြမ္မာရှင် သည် လွတ်ငြိမ်းခွင့်ဖြင့် ဖြန့်ကျက်ထားသော အရှင်ဖြစ်၏။ အရှင်သည် သင်တို့အား မြေကမ္ဘာမှ ပေါက်ပွားစေခဲ့သော အခါ၊ သင်တို့ မိခင်များ၏ ဝမ်းကြာတိုက်အတွင်း သန္ဓေသားဘဝမှအစ အသိဆုံး ဖြစ်တော်မူ၏၊ သို့ဖြစ်၍ သင်တို့၏ စရိုက်များသည် အဖြူထည် မဟုတ်ချေ။ အရှင်သည် စည်းစောင့်သူများကို အသိဆုံး ဖြစ်တော်မူ၏၊ |
| ၃၃။ | أَفَرَأَيْتَ الَّذِي تَوَلَّىٰ ۞<br>လှည့်သွားသောသူကို သင် မြင်ကြသလော။ |
| ၃၄။ | وَأَعْطَىٰ قَلِيلًا وَأَكْدَىٰ ۞<br>သူသည် အနည်းအပါး လက်ဆောင်ပေး၍ တွန့်တိုတတ်၏။ |
| ၃၅။ | أَعِندَهُ عِلْمُ الْغَيْبِ فَهُوَ يَرَىٰ ۞<br>သူ့ထံ၌ စကြ္ဝဠာလွန်ကို သိနိုင်အား ရှိသလော၊ သို့မဟုတ် မြင်နိုင်သလော။ |
| ၃၆။ | أَمْ لَمْ يُنَبَّأْ بِمَا فِي صُحُفِ مُوسَىٰ ۞<br>သို့တည်းမဟုတ် မူဆာ၏ ပရပိုက်များပါ သတင်းကို ရမိသလော။ |
| ၃၇။ | وَإِبْرَاهِيمَ الَّذِي وَفَّىٰ ۞<br>တာဝန်အပြည့်ယူသော အီဗရာဟီးမ်အားဖြင့်- |

| | |
|---|---|
| ၃၈။ | **أَلَّا تَزِرُ وَازِرَةٌ وِزْرَ أُخْرَىٰ**<br>မိမိအတွက် ဝန်ထမ်းနေရသူသည် အခြားသူ၏ ဝန်အား မထမ်းပေးနိုင်ချေ။ |
| ၃၉။ | **وَأَن لَّيْسَ لِلْإِنسَانِ إِلَّا مَا سَعَىٰ**<br>လူသားတွင် မိမိ လုံးပန်းခဲ့ရာမှအပ အခြား မရှိချေ။ |
| ၄၀။ | **وَأَنَّ سَعْيَهُ سَوْفَ يُرَىٰ**<br>လုံးပန်းခဲ့မှုများကို မကြာမီ မြင်ရစေလတ္တံ့။ |
| ၄၁။ | **ثُمَّ يُجْزَاهُ الْجَزَاءَ الْأَوْفَىٰ**<br>သူ့အား ပြီးပြည့်စုံသော အစားပေးခြင်းဖြင့် အစားပေးတော်မူမည်ပင်။ |
| ၄၂။ | **وَأَنَّ إِلَىٰ رَبِّكَ الْمُنتَهَىٰ**<br>ကံကြမ္မာရှင်၏ ထံသို့သာ အန္တိမပန်းတိုင် ဖြစ်၏။ |
| ၄၃။ | **وَأَنَّهُ هُوَ أَضْحَكَ وَأَبْكَىٰ**<br>အရှင်သည် ရယ်မောစေသော၊ မျက်ရည်ကျစေသော အရှင် ဖြစ်၏။ |
| ၄၄။ | **وَأَنَّهُ هُوَ أَمَاتَ وَأَحْيَا**<br>အရှင်သည် ရှင်စေသော အရှင်၊ သေစေသော အရှင် ဖြစ်၏။ |
| ၄၅။ | **وَأَنَّهُ خَلَقَ الزَّوْجَيْنِ الذَّكَرَ وَالْأُنثَىٰ**<br>အရှင်က အဖို အမ စုံတွဲ ဖြစ်တည်စေသည်မှာ– |
| ၄၆။ | **مِن نُّطْفَةٍ إِذَا تُمْنَىٰ**<br>ဇောဖြင့်တွန်းထုတ်ရသော သုတ်ပိုးရည်မှ ဖြစ်၍– |
| ၄၇။ | **وَأَنَّ عَلَيْهِ النَّشْأَةَ الْأُخْرَىٰ**<br>ကေန် သူ့အား နောက်တဖန် ပေါက်ပွားစေ၏။ |
| ၄၈။ | **وَأَنَّهُ هُوَ أَغْنَىٰ وَأَقْنَىٰ**<br>အရှင်သည် ကုံလုံပြည့်စုံသော၊ ပြည့်စုံလုံလောက်သော အရှင် ဖြစ်၏။ |
| ၄၉။ | **وَأَنَّهُ هُوَ رَبُّ الشِّعْرَىٰ**<br>အရှင်သည် အကာသမြေပုံတို့၏ ကံကြမ္မာရှင် ဖြစ်၏။ |
| ၅၀။ | **وَأَنَّهُ أَهْلَكَ عَادًا الْأُولَىٰ**<br>ရှေးဦးပထမ အာ့ဒ်တို့အား တိမ်ကောစေသော အရှင် ဖြစ်၏။ |
| ၅၁။ | **وَثَمُودَ فَمَا أَبْقَىٰ**<br>သမု–ဒ်တို့အားလည်း လက်ကျန်ထားခဲ့ခြင်းမရှိချေ။ |
| ၅၂။ | **وَقَوْمَ نُوحٍ مِّن قَبْلُ إِنَّهُمْ كَانُوا هُمْ أَظْلَمَ وَأَطْغَىٰ** |

| | |
|---|---|
| | ရှေ့အလျှင်က နူးဟ်၏ လူမျိုးတို့ကိုလည်း ယင်းသို့ ဖြစ်စေ၏၊ သူတို့သည် ပို၍ အမိုက်စီး စည်းဖျက်လေ့ရှိကြ၏။ |
| ၅၃။ | وَالْمُؤْتَفِكَةَ أَهْوَى۝<br>သူ့သဘောသူဆောင် ပြောင်းပြန်လန်သွားသောမြို့ရွာများ– |
| ၅၄။ | فَغَشَّاهَا مَا غَشَّى۝<br>သို့ဖြင့် လွှမ်းခြုံခြင်းဖြင့် သူတို့အား လွှမ်းခြုံသွားစေ၏။ |
| ၅၅။ | فَبِأَيِّ آلَاء رَبِّكَ تَتَمَارَى۝<br>အရှင်၏ ကျေးဇူးပြုခြင်းများမှ မည်သည်ကို သင် အချင်းများနိုင်အံ့နည်း။ |
| ၅၆။<br>သူ | هَذَا نَذِيرٌ مِّنَ النُّذُرِ الْأُولَى۝<br>ဤသည် ရှေဦးပထမ သတိပေးသူများအနက်မှ သတိပေးသူတစ်ဦး ဖြစ်၏။[၁၀၀၆] |
| ၅၇။ | أَزِفَتْ الْآزِفَةُ۝<br>နီးလာနေသော ဖြစ်ခြင်းအကြောင်းသည် နီး၍လာနေ၏။ |
| ၅၈။ | لَيْسَ لَهَا مِن دُونِ اللَّهِ كَاشِفَةٌ۝<br>ပရမတ်ဘုရားရှင် မှလွဲ၍ ၎င်းကို ဖယ်ရှားပေးနိုင်သူ မရှိချေ။ |
| ၅၉။ | أَفَمِنْ هَذَا الْحَدِيثِ تَعْجَبُونَ۝<br>သို့ဖြစ်၍ မည်သူသည် ဤဆင့်ပြန်ချက်ကို အံ့သြနေကြသနည်း။ |
| ၆၀။ | وَتَضْحَكُونَ وَلَا تَبْكُونَ۝<br>သင်တို့သည် မျက်ရည်မကျ ရယ်မောနေကြသလော။ |
| ၆၁။ | وَأَنتُمْ سَامِدُونَ۝<br>သင်တို့သည် အူမြူးနေကြသလော။ |
| ၆၂။ | فَاسْجُدُوا لِلَّهِ وَاعْبُدُوا۝<br>သို့ဖြစ်၍၊ ပရမတ်ဘုရားရှင်အား ဦးချကြလော့၊ ကိုးကွယ်ဆည်းကပ်ကြကုန်လော့။ |

**(၁၀၀၆)** ဤသုတ်တော်မှာ “သူ (မုဟမ္မဒ်)သည် ရှေးဦးပထမ ပွင့်ပေါ်ခဲ့သော ဉာဏ်စဉ်တော်ဆောင်များကဲ့သို့ ဉာဏ်စဉ်တော်ဆောင် တစ်ဦး ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။